အောင်မြေ(၂)ကျေးရွာ

ဝိုင်းမော်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အောင်မြေ(၂)ကျေးရွာ၊ ဝိုင်းမော်မြို့နယ်

၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်

မာတိကာ

မာတိကာ ၁

စကားချီး ၄

အောင်မြေ(၂)ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဝိုင်းမော် မြို့နယ် ၆

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် ၇

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ လူမှုဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၉

(က) လူဦးရေဆိုင်ရာအချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦ - လက်လှမ်းမီရယူမှု၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်းအေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၃

(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ ၁၄

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြားအစီအစဉ် ကျသောချိတ်ဆက်မှုများ ၁၆

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၇

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရွေးချယ်မှုများ ၂၂

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၃

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့ အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၅

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာအကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ ၂၈

(၁) လူမှုစီးပွားရေးအခြေအနေ

ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား(၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား(၄) ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

ဇယား(၅) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား(၆) ကျေးရွာ၏ ဝမ်းစာဖူလုံမှုအခြေအနေ

ဇယား(၇) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား(၈) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား(၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

ဇယား(၁၀) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား(၁၁) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား(၁၂) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား(၁၃) ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား(၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား(၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု
ဇယား(၁၆) သီးနှံထုတ်လုပ်မှုတိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား(၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား(၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား(၁၉) မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား(၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား(၂၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများ
ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ

ဇယား(၂၃) ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား(၂၄) ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား(၂၅) သဘာဝပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့် နှင့် အခက်အခဲများ
ဇယား(၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေးအစီအမံများ
ဇယား(၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာပြီးစီးမှုနှုန်း
ဇယား(၂၈) ကျောင်းအပ်နှုန်း
ဇယား(၂၉) စာသင်ကျောင်းဆောင် အခြေအနေ
ဇယား(၃၀) ပညာရေးအခက်အခဲနှင့် ပြဿနာများ
ဇယား(၃၁) အဖြစ်များသောရောဂါများ
ဇယား(၃၂) ကျန်းမာရေးအထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား(၃၃) သောက်သုံးရေရရှိမှု
ဇယား(၃၄) သန့်ရှင်းရေးအခြေအနေ
ဇယား(၃၅) ကျေးရွာ၏လမ်း၊ တံတားတည်ရှိမှုအခြေအနေ
ဇယား(၃၆) ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား(၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား(၃၈) လျှပ်စစ်မီးရရှိမှုအခြေအနေ
ဇယား(၃၉) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေအနေ
ဇယား(၄၀) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား(၄၁) ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှုအထောက်အကူများအားလက်လှမ်းမှီမှု
ဇယား(၄၂) မှုခင်းဖြစ်ပွားမှုအခြေအနေ

နောက်ဆက်တွဲ (၂)ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ) ၅၉

ကိုးကားစာရင်း ၆၈

အပိုင်း (ခ) စီမံကိန်းဆိုင်ရာအချက်အလက် ၆၉

စီမံကိန်းဆိုင်ရာအချက်အလက်ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း (၂) ပိုင်းပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊

ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်းဆောင် ရွက်မှုအဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။


ဒီဇင်ဘာလ(၃၁)ရက်၊ ၂၀၁၅

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အောင်မြေ(၂)ကျေးရွာ၊

ဝိုင်းမော်မြို့နယ်

အောင်မြေ(၂)ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဝိုင်းမော်မြို့နယ်



ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ(၃-၅ရက်၊ဩဂုတ်လ၊၂၀၁၅ခုနှစ်)

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

၁။ နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ် ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ် ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီ အစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီး ကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုး ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာ အနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်း ကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အ စည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါ သည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်း အဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော

အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

အောင်မြေ(၂)ကျေးရွာသည် မြစ်ကြီးနား – လိုင်ဇာကားလမ်းပေါ်တွင်ရှိသော ရွာတစ်ရွာ ဖြစ်သည်။ ဝိုင်းမော်မြို့၏ တောင်ဘက်တွင်ရှိပြီး (၉) မိုင်သာကွာဝေးသည်။ မြေမျက်နှာသွင်ပြင် အနေအထားညီညာပြန့်ပြူသော မြေယာများရှိပြီး ရွာအနီးပတ်ဝန်းကျင်တွင် လယ်ကွင်းများရှိသည်။

(ခ) သဘာဝအရင်းအမြစ်များ

မြေဆီဩဇာအသင့်အတင့်သာရှိပြီး၊ စိုက်ပျိုးမြေများတိုးချဲ့လုပ်ကိုင်နိုင်သည့် မြေနေရာများ ရှိသည်။ နမ့်မြင်ခဆည်ရှိခြင်းနှင့် ရေလွှဲဆည်များပြုလုပ်နိုင်ခြင်း၊ လယ်မြေများတွင် အဝီဇိ တွင်း (ခေါ်) ငါးပေါက်တွင်းတူး၍ စိုက်ပျိုးရေရရှိနိုင်သည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ

အောင်မြေ(၂) ကျေးရွာတွင် အိမ်ခြေ (၁၅၁) အိမ်တွင် လူဦးရေပေါင်း (၈၁၂) ဦးရှိသည်။ ကျေးရွာ၏ အလုပ်လုပ်နိုင်သောလူဦးရေမှာကျေးရွာ၏(၅၁.၉)ရာခိုင်နှုန်းရှိသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အိမ်ထောင်စုများတွင်(၅၃)ရာခိုင်နှုန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးကြပြီး ၊ (၄၄)ရာခိုင်နှုန်းမှာ နေ့စားကျပန်းလုပ်ငန်းများကို လုပ်ကိုင်ကြပြီး၊ ကျန်မိသားစုအနည်းငယ်မှာ မွေးမြူရေးလုပ်ငန်း၊ ဆန်စက်တည်ထောင်ခြင်းနှင့် ကျောင်းဆရာမ စသည်တို့ဖြင့် အသက်မွေးကြရသည်။

ကျေးရွာရှိတစ်နှစ်ပတ်လုံး ဝမ်းစာဖူလုံသောမိသားစုမှာ (၃၄)အိမ်သာရှိသည်။ ကျန်အိမ်ထောင်စုများတွင် တောင်သူငယ်များအပ အဝင်ဝမ်းစာကို ကျပန်းအလုပ်များလုပ်ကိုင်၍ အသက်မွေးကြရသည်။ ယင်းတောင်သူငယ်များသည် ငွေကြေးအရင်းအနှီး လုံလောက်စွာမရှိကြသဖြင့် စပါးကိုနိုင်သမျှသာစိုက်ပျိုး၍ စပါးစိုက်ရာသီပြီးချိန်တွင် ရွှေတူးခြင်း၊ ကျောက်တူးခြင်းနှင့် ပယင်းတူးခြင်းလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ အရေးပေါ်ငွေလိုအပ်သည့် အချိန်နှင့် ဝမ်းစာခက်ခဲသောကာလများတွင် ငွေချေးစားသူများထံနှင့် ဆွေမျိုးများထံတွင် ချေးယူစားသုံးကြပါသည်။ လုပ်အားကြိုရောင်းခြင်း ဖြင့်လည်းဖြေရှင်းပါသည်။ လယ်ယာမြေဖေါ်ထုတ်ရေးအဖွဲ့နှင့် ငွေစုငွေချေးအဖွဲ့တို့တွင် ချေးခြင်းဖြင့် ဖြေရှင်း ပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

လယ်ယာလုပ်ငန်းများအပြီးတွင် ရွှေမှော်၊ ကျောက်မှော်သို့သွားရောက် လုပ်ကိုင်ကြသဖြင့် ကူးစက်ရောဂါများဖြစ်ပွားခြင်းတို့ ဖြစ်ကြရသည်။ ဒေသအတွင်း ပုံမှန်ဝင်ငွေရလုပ်ငန်းများ မရှိသဖြင့် လူငယ်လူရွယ်များမှာ ဒေသတွင်းရွှေပြောင်းလုပ်သားအဖြစ် လုပ်ကိုင်ကြရသည်။ ထို့ကြောင့် မူးယစ်ဆေးဝါးကို အသုံးပြုအန္တရာယ် ခြိမ်းခြောက်နေသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

အပူရှိန်ပြင်းလွန်းသောနှစ်များတွင် ကလေးသူငယ်များ ဝက်သက်၊ ရေကျောက်ရောဂါများဖြစ်သည်။ ယင်းလုံအိမ်သာစနစ်တကျသုံးစွဲမှုမရှိသည့်အတွက် ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်သည်။ တီဘီရောဂါ၊ မသန့်ရှင်းသောဆေးထိုးအပ်များ အသုံးပြုခြင်းမှ HIVရောဂါကူးစက်ခြင်းများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းရှိသည်ကို သိရှိရသည်။ကျေးရွာတွင်ကျန်းမာရေးဆေးခန်းမရှိပါ။ ရွှေညောင်ပင်ကျန်းမာဌာနအောက်တွင်ရှိသော်လည်း နီးစပ်ရာကျန်းမာရေးဌာနတစ်ခုဖြစ်သော အောင်မြေ (၁) ကျေးရွာဆေးပေးခန်းသို့ သွားရောက်ကြသည်။ ရွှေညောင်ပင်မှ သားဖွားဆရာမသည်ကာကွယ်ဆေးထိုးခြင်းနှင့် ကလေးမီးဖွားချိန်တွင် ရွာတွင်လာရောက် လုပ်ကိုင်ဆောင်ရွက်ပါသည်။ ရွာတွင်အရံသားဖွားဆရာမသည် ကလေးမီးဖွားရာတွင်သာ ကူညီဆောင်ရွက်လေ့ရှိပါသည်။ ကျေးရွာနှင့် (၉)မိုင်ခန့်ဝေးသော ဝိုင်းမော်မြို့တွင် မြို့နယ်ကျန်းမာရေးဆေးရုံရှိသည်။ စိမ့်စမ်းရေကို၂၀၁၅ ခုနှစ်တွင် ကျေးလက်ဦးစီးဌာနမှ ပံ့ပိုးပေးထားပါသည်။ သို့သော်ရေပိုက်လိုင်းတိုင်များ သွယ်တန်း ထားမှုသည် အိမ်ခြေ(၅၀)သာ လက်လှမ်းမီရရှိပါသည်။ ထို့ကြောင့် လမ်းတစ်ဖက်ကမ်းတွင်ရှိသော အိမ်ထောင်စုများအတွက် စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်းဆက်လက်ဆောင်ရွက်ရန်လိုပါသေးသည်။ ထို့မှသာ တစ်ရွာလုံး တစ်နှစ်ပါတ်လုံး သောက်သုံးရေလုံလောက်စွာ ရရှိနိုင်မည် ဖြစ်ပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာလူဦးရေ၏ (၅၄)ရာခိုင်နှုန်းသည် မူလတန်းပညာရေး ပြီးဆုံးသူများဖြစ်သည်။ မူလတန်းကျောင်းပြီး အလယ်တန်းနှင့် အထက်တန်းပညာရေး တက်မြောက်သူ အလွန်နည်းသည်။ အသက်မွေးဝမ်းကျောင်းဆိုင်ရာ တတ်ကျွမ်းသူများ ရှားပါးသည့်အတွက်ကြောင့်လည်း အလုပ်လက်မဲ့များပြာသည်။

(စ) ကျားမဆက်နွယ်မှု

ကျေးရွာအသေးစားငွေစုငွေချေးလုပ်ငန်းများကို အမျိုးသမီးအများစုက ဦးဆောင်လုပ်ကိုင်နေသည်ကို တွေ့ရှိရသည်။ ကျားမဆက်နွယ်မှုများသည် ကျေးရွာရှိလုပ်ငန်းများခွဲဝေလုပ်ဆောင်ကြရာတွင် တန်းတူအခွင့်အရေးရှိကြသည်။ မိသားစုအတွင်း အမျိုးသားအမျိုးသမီးများတွင် လွတ်လပ်သောလုပ်ပိုင်ခွင့်များရှိသည်ကို တွေ့ရှိရသည်။ အိမ်တွင်းအကြမ်းဖက်မှုနှင့် ကျားမခွဲခြားမှုပြဿနာများမရှိပါ။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ကျေးရွာအတွင်း အစဉ်အလာအရဖွဲ့စည်းထားသော ဂေါပကအဖွဲ့၊ အမျိုးသမီးကြီးနှင့် အမျိုးသားကြီးအဖွဲ့၊ အပျိုလူပျိုအဖွဲ့တို့သည် ဘာသာရေး၊ သာရေးနာရေးနှင့် လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပူးပေါင်းလုပ်ကိုင်နေသော အဖွဲ့များဖြစ်ကြသည်။ ပြင်ပအဖွဲ့အစည်းများ လာရောက်ဖွဲ့စည်းထားသော အကျိုးဆောင်အဖွဲ့များမှာမူ ကောင်းမွန်စွာရပ်တည် နိုင်မှုမရှိသည်ကို တွေ့ရှိသည်။ ကျေးရွာရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး နှင့် ဘက်စုံဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန် ကျေးရွာအတွင်း စည်းရုံးဆော်သြ ပေးသည့် အဖွဲ့အစည်းများ မရှိသေးပေ။

စပါးဘဏ်အဖွဲ့၊ လယ်ယာမြေဖေါ်ထုတ်ရေးအဖွဲ့(ချေးငွေလုပ်ငန်း) ၊ ညီညာထမြောက်(ငွေစုငွေချေး)အဖွဲ့၊ အမျိုးရှရီဆွတ်ရိန်(ငွေစုငွေချေးလုပ်ငန်း)၊ တို့ကို UNDP မှ ပံ့ပိုးငွေ များဖြင့် စတင်လာခဲ့ရာ ယခုအချိန်သည် ၎င်းချေးငွေလည်ပတ်သောအဖွဲ့(၃)ဖွဲ့သည် ရံပုံငွေ သိန်း (၁၂၀) ခန့် ရရှိနေ ပြီဖြစ်သည်။ စပါးဘဏ် အဖွဲ့ဝင်(၁၅)ဦးသည် စပါး တင်း ၄၀၀ ဖြင့် ချေးယူအသုံးပြုကြပါသည်။ သို့သော် ၎င်းအဖွဲ့များသည် လုပ်ငန်းပုံမှန်လည်ပတ်ရန် အတွက် အဖွဲ့ဝင်တိုင်းတာဝန်ခံယူမှုအပိုင်းတွင် အားနည်းသည်ကိုတွေ့ရပါသည်။ ထက်လင်းသမအသင်းနှင့် အောင်မြေ(၂) စိုက်ဘဏ်ချေးငွေအသင်းတို့သည် လယ်ယာမြေပိုင်ဆိုင်သူများကိုချေးပေးခြင်း။ ကျေးရွာရှိအဖွဲ့များသည် ချေးငွေ လုပ်ငန်း၊ ဘာသာရေးလုပ်ငန်း၊ လူမှုရေးလုပ်ငန်များ လုပ်ဆောင်ရန်အဖွဲ့ ဖွဲ့ဖြစ်ကြပြီး တစ်ဖွဲ့နှင့်တစ်ဖွဲ့ မသိခြင်း၊ ဆက်သွယ်ဆောင်ရွက်မှုမရှိခြင်း၊

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

စပါးကိုအဓိကစိုက်ပျိုး၍ မိုးပြောင်း၊ နှမ်း၊ မုန်ညှင်းကို တောင်သူအနည်းစုသာ စိုက်ပျိုးကြသည်။ စိုက်ပျိုးရေးကို အစိုးရ ပြုလုပ်သော နမ့်မြင်ခရေလွဲဆည်မှ မိုးတွင်းအခါတွင် သာရေရရှိသဖြင့် စပါးကို တစ်သီးသာစိုက်ရသည်။ နမ့်မြင်ခဆည်၏အထက်တွင် ရေလွဲဆည် အသစ်ထပ်မံလုပ်နိုင်ပါ က စိုက်ပျိုးမြေများ ရေပေးသွင်းနိုင်ရုံသာမက လယ်မြေဧက ၂၀၀၀ တိုးချဲ့လုပ်ကိုင်နိုင်မည် ဖြစ်ပါသည်။ ဝန်ပေါင်ဆည်မှာ ထိန်းသိမ်းမှုအားနည်းသဖြင့် ရေရရှိရန် အခက်ခဲရှိနေ၍ ရေတံခါး၊ ရေကာတာပြုလုပ်ရန်လိုပါသည်။ အောင်မြေ(၂)ကျေးရွာတွင် ထွန်စက်များကို အနီးနာရွာမှ ငှါးရန် အသုံးပြုကြရသည်။ တခါတရံအချိန်မီအသုံးမပြုနိုင်၍ စိုက်ချိန်နောက်ကျကာ အောင်ရေရရှိရန် ခက်ခဲသည်။ တောင်သူများအတွက် လိုအပ်သော လယ်ယာသုံးကိရိယာများကို သင့်တင့်သော ဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်လျှင်လုပ်ငန်းကိုအချိန်မီ အသုံးပြုနိုင်၍ ဝင်ငွေတိုးလာမည်ဖြစ်သည်။

ကျွဲ၊ နွားမွေးမြူခြင်းကို တနိုင်တပိုင်မွေးမြူ လုပ်ကိုင်ကြသည်။ ခိုင်နွားများကို လယ်ယာလုပ်ငန်းခွင်တွင် အသုံးပြုကြသည်။ နို့ထွက်နှုန်းနှင့် အသားထွက်နှုန်းနည်းသော ဒေသနွားမျိုးများကိုသာမွေးမြူကြသည်။ မွေးမြူရေးလုပ်ကိုင်နိုင်သော အိမ်ခြံဝန်းကျယ်များရှိခြင်း၊ တိရိစ္ဆာန်သောက်သုံးရေရရှိနိုင်ခြင်း၊ ကောက်ရိုး၊ မြက်၊ ကောက်ပဲသီးနှံအပင်များရှိခြင်းတို့ကြောင့် မွေးမြူရေး

လုပ်ငန်းလုပ်ဆောင်ရန် အရင်းအနှီးငွေအနည်းငယ်သာ လိုအပ်မည်ဖြစ်သည်။ ကချင်ပြည်နယ်၏ သားငါးဈေးကွက်များ၊ နို့ နှင့် နို့ထွက်ပစ္စည်းဈေးကွက်စသည့် အခြေအနေကောင်းများရှိသည်။ အဘယ်ကြောင့်ဆိုသော် စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် ချင်းပြည်နယ်တို့မှ မွေးမြူရေးသွင်းကုန်များဖြစ်သည့် ကြက်၊ ဝက်၊ နွား စသည်တို့ကို ကချင်ပြည်နယ်သို့ တင်သွင်းနေခြင်းတို့ကြောင့် မိသားစုဝင်ငွေတိုးလုပ်ငန်းအဖြင့် မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်တိုးချဲ့လုပ်ကိုင်သင့်ပါသည်။

နို့ထွက်နွှန်းနည်းသော ဒေသနွားမျိုးများအစား၊ နို့စားနွားမွေးမြူခြင်းကို နည်းပညာများ ပေါင်းစပ်၍ လက်တွေ့ကျကျ တစိုက်မတ်မတ်ဆောင်ရွက်ခြင်းဖြင့် အောင်မြင်နိုင်သည်။ ကျေးရွာ၏ မွေးမြူရေးနှင့် အသားထုတ်လုပ်မှုကဏ္ဍတိုးတက်လာစေရန်အတွက် ကာလရှည်ချေးငွေဝန်ဆောင်မှု လုပ်ငန်းများ၊ ကာကွယ်ဆေးထိုးခြင်းများ၊ အစာနှင့် ဆေးသွင်းအားစုများကို လက်လှမ်းမီရန်နှင့် ဈေးကွက်ဖွံ့ဖြိုးရန်လိုအပ်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ရွာသူရွာသားများသည် ပညာရေးနိမ့်ကျခြင်းနှင့် အသက်မွေးဝမ်းကျောင်း ပညာတတ်မြောက်မှု အားနည်းခြင်းတို့ကြောင့် ဝင်ငွေလစာကောင်းသော လုပ်ငန်းများရရှိရန် မလွယ်ကူပေ။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ထင်းလောင်စာအသုံးပြုမှု၊ အိမ်ထောင်စုလိုအပ်ချက်များအတွက် အသုံးပြုရန် ခုတ်ယူမှုများကြောင့် ပတ်ဝန်းကျင်ရှိသစ်တောများမှာ သိသိသာသာ ပြုန်းတီးလျက်ရှိပါသည်။ စိုက်ပျိုးမြေအားလည်း မြေဆီလွှာထိန်းသိမ်းသည့် အလေ့အထများများဖြင့် အသုံးချစိုက်ပျိုးခြင်းမရှိသေးပါ။ သီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် ယခင်ကနှင့်မတူဘဲ ဓာတုဆေးဝါးများကို ဆင်ခြင်မှုနည်းပါးစွာဖြင့် အသုံးပြုလာကြပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာတွင် ငွေစုငွေချေးလုပ်ငန်းအစုအဖွဲ့များရှိသော်လည်း ချေးငွေကို လိုသလောက် ချေးယူခွင့်မရရှိခြင်း နှင့် အဖွဲ့ဝင်များသာချေးယူခွင့်ရှိသည်။ မြန်မာလယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှလည်း လယ်ပိုင်ရှင်များသာ ချေးယူရရှိနိုင်သဖြင့် လယ်င်္ဂားလုပ်ကိုင်ကြသူများမှာ စပါးစိမ်းကြိုရောင်း၍ လယ်ယာလုပ်ကိုင်ကြရသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းရှိသည်။ အလယ်တန်းကျောင်းသားများသည် နီးစပ်ရာ အောင်မြေ (၁)နှင့် ရွှေညောင်ပင်ကျေးရွာရှိ အလယ်တန်းကျောင်းတွင် တက်ရောက်ကြသည်။ ကလေးများသည် အလယ်တန်းပညာရေးကို အခြားရွာသို့ သွားရောက်ရန်စက်ဘီး၊ ဆိုင်ကယ်များ မရှိခြင်း၊ မိဘများအပို့၊ အကြို့ မလုပ်ပေးနိုင်ခြင်းများကြောင့် အလယ်တန်းကို ဆက်လက်၍ မသင်ကြားနိုင်တော့ပါ။ ကျေးရွာရှိ မူလတန်းကျောင်းသို့ စစ်ရှောင်မှ ကလေးများသည် ရွာရှိဆွေမျိုးများထံ နေထိုင်ပြီး စာသင်ကျောင်းတွင် တက်ရောက်နေကြသည်။ ကျောင်းသည် အလွန်ပျက်ဆီး ယိုယွင်းနေ

သည့်အတွက် အန္တရာယ်ကျောင်း ဆောင်ဖြစ်နေပါသည်။ ကျောင်းဆရာ/မများ နေအိမ်ခက်ခဲမှု ကြောင့် မကြာခဏ ပြောင်းရွှေ့ကြသည်။

ရွာတွင် အရံသားဖွားတစ်ဦးရှိသည်။ အောင်မြေ(၁)တွင် ကျေးလက် ကျန်းမာရေးဌာနခွဲ ရှိသည်။ ကျေးရွာအတွင်းလမ်းများ မိုးတွင်အခါတွင် ရေစီးရေလာကောင်းမွန်ခြင်းမရှိခြင်းများကြောင့် သောက်သုံးရေ သန့်ရှင်းမှုမရှိသဖြင့် ရေနှင့် ပတ်သက်သောရောဂါများဖြစ်ပွားမှုရှိကြသည်။ HIV လူနာများကို AZG မှ ကျန်းမာရေးစောင့်ရှောက်မှုများပေးသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

ကျေးရွာသာရေ:နာရေ:တွင်တတက်တအားပါဝင်ကူညီကြသည်။ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းခြင်း၊ ဂီတနှင့် အားကစား တွင် ပါဝင်လှုပ်ရှားကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကော်မတီကိုယ်စားလှယ်အဖြစ် ပါဝင်လုပ်ဆောင်နေပြီဖြစ်သည်။

(ဇ) အခြေခံအဆောက်အဦများအားလျက်လှမ်းမီရယူမှု – လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

လိုင်ဇာ – မြစ်ကြီးနားကားလမ်းပေါ်တွင်ရှိသည်။ စိုက်ပျိုးရေ:ထွက်ကုန်များကို သယ်ယူသည့် ကန်ထုတ်လမ်းများပျက်ဆီးနေခြင်း၊ ကျေးရွာလမ်းများနှင့် ရေပြွန်များပျက်ဆီးနေခြင်း အခက်အခဲများရှိသည်။

ကျေးရွာတွင်းမဟာဓါတ်အားလိုင်းရရှိရန်ဆောင်ရွက်နေဆဲဖြစ်သည်။မဟာဓါတ်အားလိုင်းရရှိရန် ကုန်ကျစရိတ်မှာ ကျပ်(၅)သိန်းကျော်ဖြစ်သည်။ အဆင်ပြေသော အိမ်ထောင်စုများကသာ သွယ်ယူနိုင်မည်ဖြစ်ပြီး ဆင်းရဲသောမိသားစုများသည် ငွေကြေးမတတ်နိုင်သောကြောင့် လျှပ်စစ်မီး ရရှိရန် အခက်အခဲရှိပါသည်။ ဖုန်းဆက်သွယ်ရေးလိုင်များ၊ ရေဒီယို၊ ရုပ်မြင်သံကြား လက်လှမ်းမီရရှိ သည်။

(ဈ) တည်ငြိမ်းအေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ဝိုင်းမော်မြို့နယ်ရဲစခန်းနှင့်(၉)မိုင်ဝေးသည်။ ရဲစခန်းမှလုံခြုံရေးအကူအညီ ရရှိပါသည်။ လူကုန်ကူးမှု၊ ခိုးမှု၊ မူးယစ်ဆေးသုံးစွဲမှုနှင့် အကြမ်းဖက်မှု အနည်းအကျဉ်းရှိတတ်သည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ

စပါးအပြီး ဝင်ငွေရသီးနှံများကို စိုက်ပျိုးနိုင်သည့် မြေလွတ်များရှိသည်။ မြေဆီလွှာ အရည်အသွေး အသင့်အတင့်ကောင်းမွန်မှု ၊ ရေအရင်းအမြစ်များရှိခြင်းတို့သည် သီးနှံစိုက်ပျိုး ထုတ်လုပ်နိုင်သည့် အခြေအနေကောင်းများရှိသည်။

အရည်အသွေးမြှင့်စျေးကွက်ဝင် ခတ်ချိုဆန်စိုက်ပျိုးဖြစ်ထွန်းသည့်ဒေသဖြစ်သဖြင့် ခေတ်မီကြိတ်ခွဲစက်နှင့် ကြိတ်ခွဲ၍ စနစ်တကျထုတ်ပိုးကာ စျေးကွက်သို့ တင်ပို့နိုင်သည့် အခွင့်အလမ်းများရှိ

သည်။ လက်ရှိအခြေအနေတွင် ကချင်ပြည်နယ်သို့ အခြားဒေသမှသွင်းကုန်များအဖြစ် ဝက်၊ ကြက်၊ သား၊ ငါး၊ နို့ထွက်ပစ္စည်း၊ ငရုတ်၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီစသည့်တို့ကို တင်သွင်း နေကြရသည်။

အောင်မြေ(၂)ကျေးရွာသည် လိုင်ဇာ မြစ်ကြီးနားညကားလမ်းမကြီးနဘေးတွင်ရှိခြင်းကြောင့် ထွက်ကုန်များကို ကားလမ်း၊ ရထားလမ်းစသဖြင့် ဈေးကွက်အရောက် အလွယ်တကူတင်ပို့နိုင်သည်။

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာနှင့် ဝိုင်းမော်၊ မြစ်ကြီးနားတွင် ကုန်စည်ဒိုင်များမရှိသဖြင့် တန်ဖိုးမြှင့် သီးနှံများကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရန် ဈေးကွက်နှင့် အထောက်အကူပြု ဖြန့်ချိသည့်လုပ်ငန်း အချိတ်အဆက်များတွင် အခက်အခဲပြဿနာများရှိသည်။

ရေလွှဲဆည်များပြုလုပ်နိုင်ရန် စီမံကိန်းများလိုအပ်ပါသည်။ စိုက်ပျိုးရေးအထောက်အကူပြု ကိရိယာများဖြစ်သည့် ရိတ်သိမ်းစက်၊ လက်တွန်းထွန်စက်များဝယ်ယူရန်နှင့် ကျွဲ၊ နွားတိုးချဲ့ မွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ကာလရှည်ချေးငွေဝန်ဆောင်မှုပေးသည့် နေရာမရှိပါ။

စိုက်ပျိုးရေးနှင့် မွေးမြူရေးထွတ်ကုန်များ အရည်အသွေးမြင့်မားစေရန်နှင့် တန်ဖိုးမြင့်သီးနှံများ စိုက်ပျိုးထုတ်လုပ်လာနိုင်စေရန်အတွက် ရွာသားများအနေနှင့် နည်းပညာနှင့် အတတ်ပညာများကို တတ်မြောက်ရန် လိုအပ်သည်။ နိုင်ငံတော်အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကျေးလက်နေပြည်သူများကို နည်းပညာဝန်ဆောင်မှုပေးသည့် ဖွံ့ဖြိုးရေးအစီအစဉ်များလုပ်ဆောင်ရန် လိုအပ်နေပါသည်။

၆။ ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျွန်ုပ်တို့သည် ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်ရေဆွဲသည့်အဖွဲ့နှင့် ဆွေးနွေးမှုများ ပြုလုပ်၍ နောင်ငါးနှစ်အတွင် လုပ်ကိုင်ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို အောက်ပါအတိုင်း ချမှတ်ခဲ့သောသည်။

(၁) စိုက်ပျိုးမွေမြူရေးနှင့် ဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာနိုင်ပြီး ကျေးရွာရှိ အိမ်ထောင်စုများ၏ ဝင်ငွေတိုးတက်လာရေး

(၂) စိတ်ချလုံခြုံရသော လူမှုပတ်ဝန်းကျင်နှင့် ပညာရေးအရည်အသွေးမြင့်မားသော လူသား အရင်းအမြစ်တိုးပွားလာနိုင်ရေး

(၃) လူထုအခြေပြုအဖွဲ့အစည်းများနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ၏ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုများတိုးတက်လာစေရေးနှင့် စွမ်းဆောင်ရည်ထက်မြက်လာရေး

(ခ) နည်းဗျူဟာ

ကျွန်ုပ်တို့ချမှတ်ထားသော ရည်မှန်းချက်များရရှိရန် လုပ်ဆောင်ရမည့် အောက်ပါ နည်းဗျူဟာများမှာ

(၁) ကြက်၊ ဝက်၊ နွားမွေးမြူခြင်းကို စီးပွားဖြစ်မွေးမြူရန်နှင့် သီးနှံတိုးချဲ့စိုက်ပျိုးထုတ်လုပ်ခြင်း

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ– ထွက်ကုန်များကို ကျေးရွာအရောက် ကျယ်ကျယ်ပြန့်ပြန့် ချိတ်ဆက်လုပ်ဆောင်နိုင်ရန် စွေးကွက်ဗဟိုချက်အဖြစ် ဝိုင်းမော်မြို့တွင် ကုန်စည်ဒိုင်များ ဖွင့်လှစ်၍ စွေးကွက်လက်လှမ်းမီရန် ဆောင်ရွက်ခြင်း။

မွေးမြူရေးလုပ်ငန်းဖြင်. ဝင်ငွေတိုးအောင်ဆောင်ရွက်ခြင်းနှင့် သီးနှံစိုက်ပျိုးရန် ရေလွှဲဆည်များကို ပြုပြင်မွမ်းမံတည်ဆောက်ခြင်း လက်တွန်းထွန်စက်နှင့် ရိတ်သိမ်းစက်စသည့် လုပ်ငန်းသုံးကိရိယာများဝယ်ယူရန် ကာလရှည်ချေးငွေဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများ လက်လှမ်းမီအောင် ပြုလုပ်ခြင်း။

စိုက်ပျိုးရေးမျိုးစေ့များနှင့် မွေးမြူရေးမျိုးများမှာ အရည်အသွေး တဖြည်းဖြည်းလျော့ကျလာပြီဖြစ်သည်။ ထို့ကြောင့် နဂိုမူလစနစ်များကို နည်းပညာရပ်များဖြင့် ပြောင်းလဲနိုင်မည့် လက်တွေ့ကျသောသိပ္ပံနည်းပညာအကူအညီများ ရရှိရန်နှင့် မွေးမြူရေးမျိုးကောင်းမျိုးကောင်းမျိုးသန့် လက်လှမ်းမီရေးနှင့် ရာသီအလိုက်ဖြစ်ပွားသော ရောဂါကာကွယ်ဆေးထိုးခြင်းများနှင့် လက်လှမ်းမီ အောင် ဆောင်ရွက်ခြင်း။

ဆင်းရဲသောအိမ်ထောင်စုများအတွက် မြေယာအသစ်ဖော်ထုတ်၍ လယ်ယာသစ်တော လုပ်ငန်းဖြစ် ဝင်ငွေရသီးနှံများနှင့် နှစ်ရည်ပင်များ ပေါင်းစပ်စိုက်ပျိုးလုပ်ကိုင်ခွင့်ရရှိအောင် ဆောင်ရွက်ခြင်း။

ရွာသားများအလုပ်အကိုင်အခွင့်အလမ်းရရှိရန် အသက်မွေးဝမ်းကျောင်းသင်တန်းများ ပို့ချပေးနိုင်ခြင်းနှင့် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော စက်မှုကုန်ကြမ်းသီးနှံများဖြစ်သည့် ရာဘာနှင့် စပါး၊ ပဲအမျိုးအစားများ၊ သစ်သီး သီးနှံများ၊ ဟင်းသီးဟင်းရွက်များတိုးတက် စိုက်ပျိုးထုတ်လုပ်နိုင်အောင် ဆောင်ရွက်ခြင်း။

(၂) ကျေးရွာအတွင်း အရည်အသွေးမြင့်သော ပညာတတ်များတိုးပွားလာစေရေးနှင့် လူငယ်များအတွက် လုံခြုံစိတ်ချရသော အထူးသဖြင့် မူးယစ်ကင်းစင်သော ပတ်ဝန်းကျင် ပတ်ဝန်းကျင်ကောင်း တစ်ခုဖန်တီးလုပ်ဆောင်နိုင်ရန်

မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ကျေးရွာမူးယစ်ကင်းစင်ဆောင်ရွက်မည့် ကော်မတီများ၏ အရည်အသွေးကိုမြှင့်တင်ခြင်း ကျေးရွာအုပ်စု

အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ် ရဲစခန်းမှ နည်းပညာအကူအညီများ ရယူ၍ မူးယစ်ဆေးဝါ တားဆီးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်သွားရန်

လူငယ်လူရွယ်များ ကြံ့ခိုင်ဖွံ့ဖြိုးလာစေရေးအတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်စုအောက်ရှိရွာမှ လူငယ်များစုပေါင်း၍ ဂီတ၊ အားကစား၊ နှင့် အခြားသော လူငယ်ဖွံ့ဖြိုးရေးအစီအစဉ်များ လုပ်ငန်းအကောင်အထည်ဖော်လုပ်ဆောင်နိုင်မည့် သတင်းအရင်းအမြစ်များနှင့် လုပ်ငန်းစဉ်များဖြင့် လုပ်ဆောင်သွားမည်

(၃) ဆင်းရဲသောအိမ်ထောင်စုများအတွက် ပညာရေးထောက်ပံ့ပေးခြင်းနှင့် ပညာတတ်မြောက်ခြင်း၏ အရေးပါမှုများကို သိရှိနားလည်အောင်ဆောင်ရွက်ခြင်း

လုပ်ငန်းအခွင့်အလမ်းများရရှိရန် လုပ်ငန်းကျွမ်းကျင်မှုနှင့် ပညာတတ်မြောက်မှုများ တိုးတက်အောင်ဆောင်ရွက်သွားခြင်း

ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်းနှင့် ကျေးရွာအဖွဲ့အစည်းများကို အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အစီအစဉ်ရေးဆွဲခြင်းနှင့် လုပ်ငန်းအကောင် အထည်ဖော်ခြင်းများဆောင်ရွက်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်း

ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် အလုပ်အမှုဆောင်ကော်မတီများ၏ အဆောက်အဦး စီမံခန့်ခွဲမှုဆိုင်ရာ နည်းပညာနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများ ပြုလုပ်ရန်လိုအပ်ခြင်း

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤသို့ဖော်ပြခြင်းဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်အထိ ပံ့ပိုးမှုပေးနိုင်မည့်စိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ် ပေးနိုင်မည်ဖြစ်ပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်းရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ကျေးရွာသူ ရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ထားသော ရည်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်ရန် အချိန်မှန်ပြန်လည်သုံးသပ်မည့် အစီအစဉ်များပြုပြင်ရေးဆွဲခြင်းစသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

အောင်မြေ(၂)ကျေးရွာရှိ ငွေကြေးဆိုင်ရာဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ၏ ထုတ်ချေးပေးသော ချေးငွေပမာဏသည် အလွန်နည်းပါးသဖြင့် လယ်သမား၊ ယာသမား၊ မွေးမြူရေး လုပ်ကိုင်သူများအတွက် မလုံလောက်သော ချေးငွေပမာဏ ဖြစ်သည့်အပြင် သတ်မှတ်ထားသော အချိန်ကာလများရှိခြင်းကြောင့် မွေးမြူရေး စိုက်ပျိုးရေးလုပ်ရန် အကန့်အသတ်များ ရှိနေသည်။ ဆင်းရဲသော တောင်သူများ၊ လက်လုပ်လက်စားများမှာ ငွေကြေးချေးယူရရှိရန် ခက်ခဲသည်။ သီးနှံနှင့် သားငါးကဏ္ဍတိုးတက်ထုတ်လုပ်နိုင်ရန်၊ မွေးမြူရေးကာလရှည်ချေးငွေနှင့် လယ်၊ယာ လုပ်ငန်းချေးငွေ ဝန်ဆောင်မှုများကို ဒေသနှင့် ကိုက်ညီစွာ ဝန်ဆောင်မှုရရှိရန် လိုအပ်နေပါသည်။

အသက်မွေးဝမ်းကြောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

ကျွန်ုပ်တို့ ကျေးရွာတွင် သီးနှံထွက်ကုန်များ၊ မွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်ရန် မြေဆီဩဇာအားကောင်းသော လယ်၊ ယာမြေများ ပေါများခြင်း၊ အိမ်ခြံဝင်းကျယ်များရှိခြင်းတို့ကြောင့် ဒေသထွက်ကုန်ကြမ်းများကို အခြေခံသောတန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများ ရရှိဆောင်ရွက်ခြင်းသည်လည်း ကျေးရွာရှိလူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာအသုံးချနိုင်ရုံမက ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာသည်နှင့်အမျှ တစ်ဖက်နိုင်ငံများတွင် ရွှေ့ပြောင်းလုပ်ကိုင်နေသူများအား မိမိနေရပ်သို့ ပြန်လာ၍ လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ တိုးတက်လာစေပြီး မိသားစုပေါင်းစည်းနေထိုင်လုပ်ကိုင်နိုင်ခြင်းနှင့် စားနပ်ရိက္ခာ ဖူလုံမှု တိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြု နိုင်ပေမည်။ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများစသည်တို့အတွက် လိုအပ်သောကျွမ်းကျင်မှုအသစ်များအလိုက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများ ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန် တိုးတက်လာစေပါမည်။

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်းငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေသုံးစွဲရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်းငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါ

မည်။ ထို့ကြောင့် ဆိုးရွားသောသဘာဝဘေးအန္တရာယ်သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာ ဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုး စီမံချက်များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက်ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေသည်။ ဒေသတွင်းဖြစ်ပေါ်လာသောဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့်အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ဦးစားပေးအစီအစဉ်များကိုပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ငါးနှစ်တာအတွက် ရေးဆွဲထားသောဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအားကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့်သက်ဆိုင်သော စီမံကိန်းများကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classificationသည် စီမံကိန်းလုပ်ငန်းများ၏ အကျိုးရလဒ်ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

ကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံကိန်းသည်၊ စီမံကိန်းဘတ်ဂျက်သည်(က)မည်သည့်ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊လျှပ်စစ်ကဏ္ဍစသည်)၊(ခ)မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံကိန်းဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစားဖြစ်သည်ကို ဖေါ်ပြခြင်း ဖြစ်ပါသည်။

(၁) ငွေကြေး ရင်းနှီးမြှုပ်နှံမှုများ(Capital Investment) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ရသောရင်းနှီးမြှုပ်နှံမှုများ၊

(၂) စွမ်းရည်မြှင့်တင်ရေး(Capacity Building)ဥပမာ-ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊

(၃) အထွေထွေရင်းနှီးမြှုပ်နှံမှု (ငွေကြေးရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများပေါင်းစပ်လျက်)၊

(၄) အရေးပေါ်အထောက်အပံ့။

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံကိန်း လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ အချို့သော စီမံကိန်းများကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့ အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကဏ္ဍ/လုပ်ငန်း ကဏ္ဍခွဲ/လုပ်ငန်းခွဲ	စီမံချက်	စုစုပေါင်း	အဆင့်	စီမံချက်ကျိုးကြောင်းရှင်း လင်းဖော်ပြချက်
လမ်းပန်းဆက်သွယ်ရေး				
	ကျေးရွာတွင်းလမ်းများတိုးတက် ကောင်းမွန်လာရေး	၁	• ရွာတွင်းလမ်း(၁၁)လမ်းကိုကျောက်ချော လမ်းခင်းရန် • လမ်းပေါ်ရှိရေပြွန် (၃၇)နေရာပြုလုပ်ခြင်း	ကျေး/လက်ဦးစီး
ကျန်းမာရေး				
	ကျေးရွာ၏ကျန်းမာရေးကဏ္ဍတိုး တက်လာစေရေးနှင့်ရေကောင်း ရေသန့်ရရှိရေး	၂	• ကျန်းမာရေးဝန်ဆောင်မှုများအား လက်လှမ်းမီမှု တိုးတက်ရေး • ကျန်ရှိနေသော အိမ်ခြေများသောက်သုံး ရေရရှိရန် အတွက် စိမ့်စမ်းရေသွယ်ခြင်းကို အပြီးသတ် လုပ်ဆောင်ရန်	
ပညာရေး				
	ကျေးရွာ၏ပညာလိုအပ်ချက်များနှင့် အဆောက်အဦများ တိုးတက်ကောင်း မွန်လာရေး	၃	• ဆရာ/ဆရာမ လုံလောက်အောင် ဆောင်ရွက်ခြင်း • ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း • ဝန်ထမ်းအိမ်ယာဆောက်လုပ်ခြင်း • ကျောင်းစည်းရိုးကာရံခြင်း • မူကြိုအိမ်သာဆောက်လုပ်ခြင်း	

ကဏ္ဍ/လုပ်ငန်း ကဏ္ဍခွဲ/လုပ်ငန်းခွဲ	စီမံချက်	စုစုပေါင်း	အဆင့်	စီမံချက်ကျိုးကြောင်းရှင်းလင်းဖော်ပြချက်
			• ကျေးရွာစာကြည့်တိုက်အတွင်း စာအုပ်သစ်များ ရရှိအောင် ဆောင်ရွက်ခြင်း • မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန်	
သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်ရေး				
	သီးနှံတိုးတက်စိုက်ပျိုးနိုင်လာရေးနှင့် ဝင်ငွေတိုးရေး	၄	• စိုက်ပျိုးရေးချေးငွေဝန်ဆောင်မှုများနှင့် လက်လှမ်းမီအောင် ဆောင်ရွက်ခြင်း • စျေးကွက်ဝင်သီးနှံများ (ဖရဲ၊ ခရမ်းချဉ်သီး၊ လက်ဖက်၊ ငရုတ်ကောင်း၊ နာနတ်) စိုက်ပျိုးနည်း • နမ့်မြင်ခရေလွဲဆည်ပြုပြင်ရန်၊ ရေပေးဝေရေးစနစ်များထားရှိရန် • ဝန်ပေါင်ဆည်ပြုပြင်ခြင်း • ကျေးလက်ဦးစီးဌာနနှင့် ဆည်မြောင်ဌာနများမှ နည်းပညာနှင့် အကူအညီများရရှိရန် ချိတ်ဆက်ဆောင်ရွက်ခြင်း	
ကျေးရွာလျှပ်စစ်မီးလင်းရေး				
	ကျေးရွာမီးလင်းရေး	၅	• ကျေးရွာမီးလင်းရေးအတွက်ငွေကြေးဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများနှင့် လက်လှမ်းမီအောင်ဆောင်ရွက်ခြင်း	ကျေး/လက်ဦးစီး
ဘဏ် နှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း				
	လုံလောက်သောပမာဏနှင့် သင့်တင့်သောအတိုးနှုန်းဖြင့်	၆	• ချေးငွေရရှိရန်ချေးငွေဌာနများနှင့် ချိတ်ဆက်ခြင်း။ • အရင်းအနှီးရရှိရေး (စိုက်ပျိုးရေး မွေးမြူရေး	

ကဏ္ဍ/လုပ်ငန်း ကဏ္ဍခွဲ/လုပ်ငန်းခွဲ	စီမံချက်	စုစုပေါင်း	အဆင့်	စီမံချက်ကျိုးကြောင်းရှင်း လင်းဖော်ပြချက်
	ကာလရှည်ချေးငွေပေးနိုင်မည့်အဖွဲ့ များအား လက်လှမ်းမီရေး		ပင်ငွေတိုးရေး လုပ်ငန်းများဆောင်ရွက်ရန်)	
အုပ်ချုပ်ရေး ကဏ္ဍ				
အုပ်ချုပ်ရေးကဏ္ဍ တိုးတက်မှု	အဖွဲ့အစည်းဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စွမ်းရည် မြှင့်တင်ပေးရေး။	?	• ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ အဖွဲ့ အစည်းဆိုင်ရာ သဘောတရား ရေးရာသင်တန်း ဆောင်ရွက်ခြင်း • အလုပ်အမှုဆောင် ကော်မတီများ ဖွဲ့စည်းခြင်း • ခေါင်းဆောင်မှု နှင့် ငွေကြေးစီမံခန့်ခွဲမှု သင်တန်း များစီစဉ် ခြင်း • အဖွဲ့အစည်းဆိုင်ရာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး သင်တန်းများစီစဉ်ခြင်း	ကျေး/လက်ဦးစီး

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံကိန်းများကို အကောင်အထည် ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထားပါ သည်။ ကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်း အခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံကိန်း (Project)	ဦးစား ပေး အ ဆင့်	၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀
၁	ကျေးရွာတွင်းလမ်းများတိုးတက် ကောင်းမွန် လာရေး:	၁	✔	✔			
၂	ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး	၂		✔	✔		
၃	ကျေးရွာ၏ ပညာ အဆောက်အဦးများ တိုးတက် ကောင်းမွန်လာရေး	၃	✔	✔			
၄	သီးနှံတိုးတက်စိုက်ပျိုးနိုင်လာရေးနှင့် ဝင်ငွေတိုးရေး	၄	✔	✔	✔	✔	✔
၅	ကျေးရွာမီးလင်းရေး	၅	✔	✔			
၆	လုံလောက်သောပမာဏ နှင့် သင့်တင့် သော အတိုးနှုန်းဖြင့်ကာလရှည်ချေး ငွေပေးနိုင်မည့် အဖွဲ့များအားလက် လှမ်းမီရေး	၆	✔	✔	✔	✔	✔
၇	အဖွဲ့အစည်းဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စွမ်းရည် မြှင့်တင်ပေးရေး။	၇	✔	✔			

၉။ ဘက်ဂျက် နှင့် ငွေကြေးဆိုင်ရာဗျူဟာ အစီအစဉ်

ဘက်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘက်ဂျက်ကို အစီအစဉ် ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျ နိုင်မည့် ဘက်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေး အကူအညီများရယူ၍ ပြန်လည်တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘက်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သားအင်အား၊ လုပ်ငန်းသုံး ကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်းမရှိပါ။

ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)

စဉ်	စီမံကိန်း (Project)	ရံပုံငွေ (ကျပ်)	သာမာန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်		လူသားချင်းစာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	ကျေးရွာတွင်းလမ်းများတိုးတက်ကောင်းမွန်လာရေး:			✔		
၂	ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး		✔		✔	
၃	ကျေးရွာ၏ပညာ အဆောက်အဦများတိုးတက်ကောင်းမွန်လာရေး			✔		
၄	သီးနှံတိုးတက်စိုက်ပျိုးနိုင်လာရေးနှင့် ဝင်ငွေတိုးရေး			✔	✔	
၅	ကျေးရွာမီးလင်းရေး			✔		
၆	လုံလောက်သော ပမာဏ နှင့် သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည်ချေးငွေ ပေးနိုင်မည့် အဖွဲ့များအား လက်လှမ်းမီရေး		✔		✔	
၇	အဖွဲ့အစည်းဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာစွမ်းရည်မြှင့်တင်ပေးရေး။		✔		✔	

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့ ကကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကိုတာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကို လည်းရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက် ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာအကူအညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာမြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။

ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေး

အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်လိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော် သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု(physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း (indicator)များဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင် သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီအထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်တို့ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကိုမြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

၁။ ကျေးရွာလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

ဇယား(၁) လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %	ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ
၁ နှစ်အောက်	၁၄	၁၅	၂၉	၃.၆	
၁ နှစ်မှ ၅နှစ်	၂၅	၃၃	၅၈	၇.၁	၅နှစ်အောက်ကလေးငယ်
၅ နှစ်မှ ၉နှစ်	၆၈	၄၁	၁၀၉	၁၃.၄	မူလတန်းကျောင်းသားအရွယ်
၁၀ နှစ်မှ ၁၄နှစ်	၅၈	၆၀	၁၁၈	၁၄.၅	အလယ်တန်းကျောင်းသား အရွယ်
၁၅ နှစ်မှ ၆၀ နှစ်	၂၄၀	၁၈၁	၄၂၁	၅၁.၉	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀ နှစ် နှင့်အထက်	၄၅	၃၂	၇၇	၉.၅	သက်ကြီးရွယ်ကြီး
စုစုပေါင်း	**၄၅၀**	**၃၆၂**	**၈၁၂**	**၁၀၀**	
	အိမ်ထောင်စုပေါင်း ၁၅၁				**ပျမ်းမျှလူဦးရေ ၅. ၃ ဦး**

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ(၃-၅ရက်၊ဩဂုတ်လ၊၂၀၁၅နှစ်)

အောင်မြေ(၂)ကျေးရွာသည် ကချင်၊ ရှမ်းနှင့် ဗမာ တို့ နေထိုင်ကြပါသည်။ ကချင်နှင့် ရှမ်းတို့သည် ယခင်ကတည်းမှ နေထိုင်ကြပြီး ဗမာများသည် စစ်တပ်မှ ပင်စင်ယူသော စစ်မှုထမ်းဟောင်းများနှင့် မြန်မာပြည်အောက်ပိုင်းမှ လာရောက်နေထိုင်သူများဖြစ်ကြသည်။

.(၁.၂)လုပ်သားအင်အား

ဇယား (၂)လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
၁	***စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)***				
	ကိုယ်ပိုင် လုပ်ငန်း	၈၀	၅၃%		လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြ သည်
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၆၆	၄၄%		သူရင်းငှား၊နေ့စားလုပ်သား
	မိသားစုဝင်လုပ်အား				
၂	***တိရိစ္ဆာန် မွေးမြူရေး***				
	ကိုယ်ပိုင်လုပ်ငန်း	၂	၁.၂%		ဝက်၊နွား၊ဆိတ်မွေးမြူကြသည်
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
	မိသားစုဝင် လုပ်အား				
၃	***ငါးဖမ်း လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၄	***သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၅	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၀.၆%		ဆန်စက်
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၆	***လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၇	***ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း			၆	လက်သမား၊ပန်းရံ
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၈	***ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၉	***ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၀	***လက်လီ-လက်ကား ရောင်းဝယ်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း			၉	မုန့် နှင့် မီးဖိုချောင်သုံး စား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင် အိမ်ထောင်စု	%	တွဲဖက် အလုပ် အကိုင်	မှတ်ချက်
					သောက်ကုန်များရောင်းသည့် အိမ်ဆိုင်များ
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၁၁	***ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း*** ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၁၂	***ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး*** ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင်လုပ်အား				
၁၃	***ငွေရေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)*** ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၁၄	***အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ*** ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် အေးကင်းလုံခြုံရေး)** ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား				
၁၆	***ပညာရေး*** ကိုယ်ပိုင် လုပ်ငန်း အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား မိသားစုဝင် လုပ်အား	၂	၁.၂%		ကျောင်းဆရာမ
၁၇	***ကျန်းမာရေး*** ကိုယ်ပိုင် လုပ်ငန်း				

